# ဆုတောင်းမှားလို့

တစ်ခါကတစ်ဦးနဲ့တစ်ဦးသိပ်ချစ်ကြတဲ့အဖိုးကြီး၊အဖွားကြီးလင်မယားရှိကြသတဲ့။အဖိုးကြီးက သူ့ကုသိုလ်ကောင်းမှုပြုပြီးတိုင်း၊"ဤသို့ပြုရသော ကုသိုလ်ကံစေတနာကြောင့်နတ်ပြည်တွင်၊ နတ်သမီး တစ်ဖက် ငါးရာနှင့်ခံစား၊စံစားရပါလို၏ဘုရား" လို့အမြဲဆုတောင်းသတဲ့။ ဒါကိုအဖွား ကြီးကကြားရဖန် များတဲ့အခါမှာ၊ မနာလိုဖြစ်ပြီးသူကလည်း ၊"ဤသို့ပြုရသော ကုသိုလ်ကံစေတနာကြောင့်နတ်ပြည်တွင်၊ နတ်သားတစ်ဖက်ငါးရာနှင့်ခံစား၊စံစားရပါလို၏ဘုရား" လို့ အားကျမခံလိုက်ဆုတောင်းသတဲ့။ ဒီလိုနဲ့ အသက်တွေကကြီးလာကြပြီးအဖိုးကြီးက အရင်သေသွားပါလေရောကွယ်။ သူသေပြီးနောက် သူ့ဆုတောင်း ပြည့်ကာနတ်ပြည်မှာနတ်သမီးတစ် ထောင်နဲ့ဖိမ်ကြနေတာပေါ့။သူကနတ်ပြည်ကနေ သူ့အဖွားကြီးကို သတိတရနဲ့အမြဲကြည့်သတဲ့။

တစ်နေ့မှာအဖွားကြီးကိုလူ့ပြည်မှာမတွေ့ရတာကြောင့်၊ဘယ်ဘုံဘဝ ရောက်နေသလဲလို့ နတ်မျက်စိနဲ့ကြည့် လိုက်တဲ့အခါမှာ အဖွားကြီးဟာနတ်ပြည်မှာ နတ်သားတစ်ထောင်ခြံရံပြီး၊နတ်သမီးဘဝ ရောက်နေတာတွေ့လိုက်ရတယ်။အဖိုးကြီး က "ဘယ်လိုလဲအဖွားကြီးနတ်ပြည်မှာ အဆင်ပြေရဲ့လား၊ကျုပ် တို့နှစ်ယောက်လုံးဆုတောင်းပြည့်ကြတယ်နော်" လို့သွားနှုတ်ဆက်သတဲ့။အဲဒီအခါမှာ အဖွားကြီးက "အမလေး အဖိုးကြီးရေ ကျုပ် **ဆုတောင်းမှားလို့** သေးပေါက်ချိန်တောင်မရဘူးတော်ရေ " လို့ပြန်ပြော သတဲ့ကွယ်။